**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ် ( ၉၂ /၂၀၂၀)

ရန်ကုန်၊ ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်)

**နိုင်ငံတော်အတွင်းအများအားဖြင့်နေထိုင်သူ အနည်းဆုံးဒါရိုက်တာ တစ်ဦးရှိရမည်ဟု ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းသည့်ကိစ္စ**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)တွင် ကုမ္ပဏီတစ်ခု၏ အခြေခံလိုအပ်ချက်အဖြစ် နိုင်ငံတော်အတွင်းအများအားဖြင့်နေထိုင်သူ အနည်းဆုံး ဒါရိုက်တာ တစ်ဦးရှိရမည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁၉)တွင်"အများအားဖြင့် နေထိုင်သူကို သက်ဆိုင်ရာဥပဒေအရ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူ သို့မဟုတ် ၁၂ လတာ ကာလ တစ်ခုချင်းစီတွင် နိုင်ငံတော် အတွင်းအနည်းဆုံး ၁၈၃ ရက်နေထိုင်သူကိုဆိုလိုသည်" ဟု အဓိပ္ပါယ်ဖွင့်ဆို ထားပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID-19) ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်ပတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိများအား နိုင်ငံတော်က အပြည်ပြည်ဆိုင်ရာ ဝင်/ထွက် ပေါက်များ ပိတ်ပင်သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့မှစ၍ တရားဝင် **ပြန်လည်ဖွင့်လှစ်သည့်နေ့အထိ** ကြားကာလကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁၉) တွင် ပြဋ္ဌာန်းထားသည့် "အများအားဖြင့်နေထိုင်သူ" အတွက် ၁၂ လ တာ ကာလသတ်မှတ်ချက်တွင် ထည့်သွင်းရေတွက်ခြင်း မပြုကြောင်း ကြေညာအပ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ကုမ္ပဏီများတွင်ခန့်အပ်ထားပြီးဖြစ်သည့် ဒါရိုက်တာများနှင့်သာ သက်ဆိုင်စေရမည်။

သန့်စင်လွင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန